နမ့်ဟုတ်ကျေးရွာ

မိုင်းလားမြို့နယ်

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

တာပင်းကျေးရွာ၊ နမ့်ဟုတ်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	၃-၄
	နမ့်ဟုတ်ကျေးရွာ သယံဇာတပြမြေပုံ၊ မိုင်းလားမြို့နယ်	၅
	နမ့်ဟုတ်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ မိုင်းလားမြို့နယ်	၆
	နမ့်ဟုတ်ကျေးရွာ Venn Diagram၊ မိုင်းလားမြို့နယ်	၇
၁	**တည်နေရာနှင့် ပထဝီဝင်အနေအထား**	၈
၂	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	၈
၃	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**	၈
၄	**စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**	၉
	(က) သီးနှံစိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း	၁၀
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၁၀
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၁
၅	**အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**	၁၁
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၁
	(ခ) ကျေးရွာမီးလင်းရေး	၁၂
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၂
၆	**ပညာရေး**	၁၂
၇	**ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**	၁၂
၈	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၃
၉	**ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**	၁၃
၁၀	**ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**	၁၄
၁၁	**အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**	၁၄
နောက်ဆက်တွဲ		
	ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု (၄၈) ဇယား	၁၅-၁၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ခုနှစ် အထိ (၃) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကို လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲ ရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ် များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ ဖွံ့ဖြိုး ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှု များ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

နမ့်ဟုတ်ကျေးရွာ

တာပင်းအုပ်စု


မိုင်းလားမြို့နယ်

နမ့်ဟုတ်ကျေးရွာ၏သယံဇာတပြမြေပုံ



Scanned with CamScanner


နမ့်ဟုတ်ကျေးရွာ၏ ရာသီခွင်ပြ ပြကွက်ဒိန်



နမ့်ဟုတ်ကျေးရွာ၏ Venn Diagram

နမ့်ဟုတ်ကျေးရွာ ရွာတွင်း/ရွာပြင် အကဲဆတ်သော အနှံ့အစည်းများ :

Veen Diagram



Scanned with CamScanner

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

တာပင်းကျေးရွာသည် ကျိုင်းတုံ-မိုင်းလားလမ်းပေါ်မှ သွားရာလမ်းတွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ကျိုင်းတုံမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ ကျေးရွာသည် တောင်ပေါ်ဒေသတွင်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများဖြစ်ကြပါသည်။

ကျေးရွာ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်သည် လက္ခ (၈၀)မှ (၁၀၀) ဝန်းကျင်ခန့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အထောက်အကူပြုပါသည်။ ကျေးရွာအနီးတွင် မြစ်ချောင်းများရှိပြီး မြေပြင်အနေအထားမှာ တောင်ပေါ်ဒေသဖြစ်သည်။ လယ်၊ ခြံမြေများသည် စပါး၊ ပြောင်းနှင့် ဟင်းသီးဟင်းရွက်တို့ကို ရာသီအလိုက်စိုက်ပျိုးရန်အတွက်အဓိကအားထားရာဖြစ်သည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

လယ်နှင့်ခြံမြေ အသင့်အတင့်ရှိကြပြီး တောင်ပေါ်ဒေသဖြစ်၍ မြေဆီဩဇာအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ စိုက်ပျိုးရေးအတွက် မိုးရေနှင့် စိမ့်စမ်းရေကိုသာ အသုံးပြုကြသည်။ စိုက်ပျိုးနိုင်သည့် ဧက (၇၅) ဧက ရှိသည်။ စပါးကို အဓိက စိုက်ပျိုးပြီး ပြောင်းအနည်းငယ်နှင့် ဟင်းသီးဟင်းရွက်တို့ကို အိမ်စားရန်အတွက် အဓိကထား စိုက်ပျိုးကြသည်။ စပါးကို ရောင်းချခြင်း အနည်းငယ်သာရှိပြီး ဝမ်းစာအတွက်သိုလှောင်ထားကြသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၀)စုနှင့် ကျား(၈၆)၊ မ(၉၁) ဦးရှိပြီး လူဦးရေပေါင်း (၁၇၇) ဦး ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၆)ဦး နှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း(၆)ဦးနှင့် အနီးစပ်ဆုံးတူပါသည်။ ကျေးရွာတွင် အာခါလူမျိုးများသာနေထိုင်ကြပါသည်။ အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေ စုစုပေါင်း၏ (၅၅.၃၆%) ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။ ယခုအခါတွင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ စီးပွားရေးဆိုင်ရာ အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် မြေယာမဲ့တောင်သူ အိမ်ထောင်စုများ မရှိပါ။ ၂.၅ ဧက အောက် ပိုင်ဆိုင်သည့် ဆင်းရဲသား တောင်သူ ဦးရေ(၁၉)ဦး၊ ၂.၅ဧကမှ၅ဧကထိ ပိုင်ဆိုင်သည့် တောင်သူလတ် ဦးရေ(၈) ဦးနှင့် ၅ဧကမှ၁၂.၅ဧကကြား ပိုင်ဆိုင်သည့် အလယ်အလတ်စား တောင်သူ ဦးရေ(၃)ဦး တို့ဖြစ်ပါသည်။ စပါးစိုက် ရာသီကုန်ဆုံးလျှင် အချို့သောအိမ်ထောင်စုများသည် အခြားလုပ်ငန်းများတွင် နေ့စား ကျပန်းအဖြစ် လုပ်ကိုင်ကြသည်။

ကျေးရွာတွင် စပါးကို အဓိကထား စိုက်ပျိုးကြပြီး ပြောင်းနှင့် ဟင်းသီးဟင်းရွက် အနည်းငယ်ကို အိမ်စားရန်အတွက် ရာသီအလိုက် စိုက်ပျိုးကြသည်။ စပါးစိုက်ဧက (၇၅)ဧက ရှိပါသည်။ သီးထပ်နှင့်နွေစပါး စိုက်ပျိုးခြင်းမရှိပါ။ စပါးပျှမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှ တင်း(၄၀-၆၀)၊ ပြောင်းဖူး ပျှမ်းမျှ အိတ် (၂၀-၄၀) အိတ်ခန့် ထွက်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုနှင့် ချေးငွေများမရရှိပါ။ စိုက်ပျိုးရေး ကုမ္ပဏီများ မရှိသည့်အတွက် ဝန်ဆောင်မှုများ မရရှိနိုင်ပါ။ တောင်သူများသည် လယ်ယာများတွင် အလုပ်သမားဌာနမှ လုပ်ကိုင်ခြင်း အနည်းငယ် သာရှိပြီး ကိုယ်တိုင်လုပ်ကိုင်ကြသည်။ ထို့ကြောင့် အလုပ်သမားဌားရမ်း မရမှုများမရှိပါ။ စပါးစိုက်ခင်းများ ရံဖန်ရံခါတွင် ငှက်၊ ကြွက်၊ ခရုဖျတ်ပိုးများ ကျရောက်တတ်ပြီး နည်းပညာ အားနည်းခြင်းကြောင့် စနစ်တကျ သုံးစွဲမှု အားနည်းသဖြင့် ထိရောက်သော ဖျတ်ပိုးနှိမ်နှင်း ရေးနည်း စနစ်နှင့် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် နည်းပညာပေး သင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ခြင်း၊ စျေးကွက်ဆိုင်ရာ အသိပညာ တိုးတက်လာစေရန် ပြုလုပ်ပေးခြင်း၊ စျေးကွက် ချိတ်ဆက်မှုများ လုပ်ဆောင်ပေးခြင်း စသည်တို့ လိုအပ်နေပါသည်။

ကျေးရွာတွင် သဘာဝရေမြေရာသီဥတုမှာ သင့်တင့်မျှတသဖြင့် သီးနှံစိုက်ပျိုးရေး အတွက် အဆင်ပြေခြင်း၊ မိုးရေဖြင့် အဓိကစိုက်ပျိုးကြပြီး စိမ့်စမ်းရေယူ၍လည်း စိုက်ပျိုးလုပ်ကိုင် ကြသည်။ ကျေးရွာရှိလယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် အနည်းငယ်ရှိပြီး၊ ထွန်စက်၊ ခြွေလှေ့စက် နှင့် မြက်ရိတ်စက်များ မရှိပါသဖြင့် ၄ားရမ်းသုံးစွဲကြပါသည်။ သီးနှံ မျိုးစေ့များနှင့် စိုက်ပျိုးရေးဆိုင်ရာ မြေဩဇာများကို ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးထွက်ကုန် များကိုလည်း ကုန်သည်၊ ပွဲစားများနှင့် ရွာတွင်လာရောက် ဝယ်ယူခြင်းများရှိပါသည်။ စိုက်ပျိုးရေး ချေးငွေများကိုလည်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့် ချေးယူနိုင်သော်လည်း မြို့နှင့်အလှမ်းဝေးသဖြင့် ချိတ်ဆက်နိုင်မှု အားနည်းသည်။

ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် အဓိကပြဿနာမှာ ပိုးမွှားရောဂါကျရောက်မှု အများဆုံး ဖြစ်ပေါ်ပါသည်။ မြို့ပေါ်သို့သွားသည့်လမ်းကြောင်းပေါ်တွင် တည်ရှိသော်လည်း သီးနှံ

မျိုးစေ့ ရရှိနိုင်မှု၊ သဘာဝမြေဆွေး/အော်ဂဲနစ်သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေ သြဇာ နှင့် အခြားဓာတုဗေဒ သွင်းအားစုများ အလွယ်တကူမရရှိနိုင်ပေ။ သီးနှံထွက်ကုန်များကို စျေးနှုန်း မှန်ကန်စွာဖြင့် အလွယ်တကူ ရောင်းချနိုင်မှုနည်းပါးသည်။ မျိုးကောင်းမျိုးသန့်များ ရရှိနိုင် သည့် နေရာများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်နှင့် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူသည့် အိမ်ထောင်စု(၁၄)စု၊ နွားကောင်ရေ (၃၆)ကောင်၊ ကျွဲမွေးမြူ သည့် အိမ်ထောင်စု(၂၅)စု၊ ကျွဲကောင်ရေ(၄၉)ကောင်၊ ဆိတ်မွေးမြူသည့် အိမ်ထောင်စု(၁၇)စု (၄၄)ကောင်၊ ဝက်မွေးမြူသည့် အိမ်ထောင်စု (၁၁)စု၊ ကောင်ရေ (၁၄)ကောင်၊ ကြက်မွေးမြူသည့် အိမ်ထောင်စု(၂၇)စု ကောင်ရေ(၂၀၈)ကောင်ရှိပြီး ငါးမွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စု(၁)စု တို့သည် တပိုင်တနိုင် မွေးမြူသည့် အိမ်ထောင်စုများ ဖြစ်ကြသည်။

ကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ ရေအလုံ အလောက်နှင့် စားကျက်မြေ ရရှိနိုင်ပါသည်။ မွေးမြူရေးနည်းပညာဝန်ဆောင်မှုကို မိုင်းလားမြို့နယ် မွေးကုဋီစီးဌာနမှ ရရှိသော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံ ဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်း ပိုင်းဆိုင်ရာတွင် အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင် တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ် တကူမရှိနိုင်ကြပါ။ ထုတ်ကုန်ရောင်းဝယ်မှုများတွင်လည်း စျေးကွက်မမီခြင်းများ ရှိသည့်အတွက် နည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

(ဂ) စိုက်ပျိုးရေး မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စား အလုပ်များနှင့် စျေးရောင်းခြင်း အနည်းငယ်သာရှိသည်။ အခြားလုပ်ငန်းများမှ ရာသီအလိုက် ဝင်ငွေ ရရှိမှုမှာ အနည်းငယ်မှ အတော်အသင့်အနေအထားတွင် ရှိသည်။ လက်လုပ်လက်စား အလုပ် များမှာ စိုက်ပျိုးရေးရာသီများတွင်သာ အလုပ်အကိုင်များပြားပြီး ကျန်အချိန်များတွင် ကျပန်း လုပ်ကိုင်ကြပြီး အလုပ်အကိုင်ရှားပါးမှုနှင့် ဝင်ငွေရရှိမှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားသော်လည်း တခြားအလုပ်အကိုင်အခွင့် အလမ်း များမရှိပါ။ မိုင်းလားမြို့နယ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းများကို ဝန်ဆောင်မှုပေး နိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မိုဘိုင်းဖုန်းပြင်၊

ကားမောင်း၊ မော်တော်ဆိုင်ကယ်၊ ဝပ်လျှော့ စသည့်လုပ်ငန်းများသည် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖြစ်သော်လည်း ရွာသားအများအနေဖြင့် အဆိုပါသင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျ ခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်မှချေးငွေဝန်ဆောင်မှုများ အနည်းငယ်ရရှိပါသည်။ တစ်ချို့ တောင်သူများမှာ ပုံစံ(၇)ရရန် အခက်အခဲများ ရှိသည့်အတွက် ချေးငွေရယူခြင်းမရှိသည်များနှင့် မြို့နှင့် အလှမ်းကွာ ဝေးသောကြောင့်လည်း ဖြစ်ပါသည်။ သမဝါယမချေးငွေသည်လည်း အသင်းဝင် ထားသည့်သူများ ကိုသာ ထုတ်ချေးပေးပါသည်။ တခြား ဘဏ်နှင့်ဝန်ဆောင်မှုများ မရှိပါ။

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ လယ်သမား များသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေ လိုအပ် လျက်ရှိပါသည်။ ကျေးရွာရှိ ဆင်းရဲသောအိမ်ထောင်စုများသည် မိတ်ဆွေ၊ မိသားစု များထံမှ နားလည်မှုဖြင့် ချေးယူကြပြီး တစ်ချို့မှာ သူတစ်ပါးဆီမှ ချေးယူခြင်းမရှိဘဲ နေထိုင်စားသောက် ကြသည်။ ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်းမရှိပါ။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ဆိုင်ကယ်ကို ကျောင်းသား/သူများ သွားလာရေး အတွက်အသုံးပြုပြီး ကျိုင်းတုံမြို့သို့ သုံးဘီး၊ ဆိုင်ကယ်တို့ဖြင့် သွားလာကြသည်။ လမ်းပန်း ဆက်သွယ် ရေးအတွက် ဆိုင်ကယ် (၃၀)စီး၊ သုံးဘီးဆိုင်ကယ်(၃)စီး၊ ကား (၁)စီး တို့ကို အသုံးပြု လျက်ရှိသည်။

ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး ပျက်စီးနေပြီး သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီး ခြင်းများ ဖြစ်ပေါ်နေပါသည်။ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်သည့်အတွက် ကွန်ကရစ် လမ်းအဖြစ်သို့ အဆင့်မြှင့်တင်လိုကြပါသည်။ ကျေးရွာချင်းဆက်လမ်းများသည်လည်း မြေသားလမ်း များ ဖြစ်သည့်အတွက် လမ်းပျက်စီးမှုများ ဖြစ်နေပါသည်။ လမ်းမကောင်းသော်လည်း တစ်နှစ်ပတ် လုံး အသုံးပြုလျက်ရှိသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပါ။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးသော်လည်း ဆိုလာမီးလင်းရေးစနစ်ဖြင့် အသုံးပြုလျက် ရှိပါသည်။ ကျောင်းသား/သူများ၏ ပညာရေး တိုးတက်လာစေမှုနှင့် အသေးစားစီးပွားရေးလုပ်ငန်း များ တိုးတက်လာစေမှုတို့အတွက် အထောက်အပံ့ဖြစ်စေရန် လျှပ်စစ်မီးရရှိရန် လိုအပ်လျက်ရှိပါ သည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုးဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားဝန်ဆောင်မှု လုပ်ငန်းများ အတွင် အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမရှိခြင်းနှင့် စာကြည့်တိုက် မရှိပါ။ သတင်းစာ၊ ဂျာနယ်တို့ကို ဝယ်ယူဖတ်ရှုသူ လွန်စွာနည်းပါးပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ ကောင်းမွန်မှုမရှိကြောင်း တွေ့ရှိရပါသည်။ မြို့နယ်ဌာန များသို့ ဆက်သွယ်ရာတွင် အဓိကအားဖြင့်ကျေးရွာသူကြီး၊ ကျေးရွာစာရေး တို့မှတဆင့်သာ ဆက်သွယ်ကြပါသည်။ ဆက်သွယ်ရေး အတွက် MPTဖုန်းလိုင်းများကို အသုံးပြုကြသည်။ ကျေးရွာ တွင် ဖုန်း(၇)လုံး တို့ရှိပါသည်။

၆။ ပညာရေး

ကျေးရွာတွင် စာမတတ်သူဦးရေ များပြားသည်။ မူလတန်း ပညာပြီးမြောက်မှုမှာ စုစုပေါင်း လူဦးရေ၏(၂၇)ဦးသာရှိပြီး အလယ်တန်းပညာပြီးမြောက်သူ(၄)ဦးနှင့် အထက်တန်း ပညာပြီး မြောက် (၅)ဦး ရှိပြီး တက္ကသိုလ်ပညာပြီးမြောက်သူမရှိပါ။ ကျေးရွာသူ/သားများသည် အသိပညာ အားနည်း ကြသောကြောင့် ကလေးများစာတတ် မြောက်ရေးကို အလေးမထားကြပါ။

ကျေးရွာအတွင်းရှိ မူလတန်းကျောင်းသို့ သွားရောက်ပညာသင်ရပြီး အလယ်တန်းနှင့် အထက်တန်း ပညာရေးကို ရွာနှင့် (၄၅) မိုင်ခန့်ဝေးသော ကျိုင်းတုံမြို့ရှိ အ.ထ.ကကျောင်းများတွင် တက်ရောက် သင်ကြားနိုင်ကြသည်။ မူလတန်းပညာရေးကို သွပ်မိုး၊ အုတ်ကာ၊ အင်္ကတခင်း ကျောင်းဆောင်တွင် တက်ရောက် သင်ကြားနိုင်ပြီး အစိုးရခန့် ဆရာ/ဆရာမ (၂)ဦးရှိပါသည်။ စာသင်ကျောင်းတွင် ကျောင်းသုံး ပရိဘောဂနှင့် စာရေးကိရိယာ လုံလောက်မှုမရှိပါ။ မူလတန်း အောင် ရာခိုင်နှုန်းမှာ အသင့်အတင့် ရှိသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ကျိုင်းတုံမြို့ရှိ ဆေးခန်းများနှင့် ပြည်သူ့ဆေးရုံသို့သာ တက်ရောက် ကုသကြသည်။ ကျန်းမာရေးနှင့် ပတ်သတ်၍ ရာသီအလိုက် ကာကွယ် ဆေးထိုးခြင်း၊ အသိပညာပေးခြင်း ဟောပြောပွဲများလည်း အသင့်အတင့် ပြုလုပ် လျက်ရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် စိမ့်စမ်းရေကိုသာ အိမ်ထောင်စု အားလုံး အသုံးပြု လျက်ရှိကြပါသည်။ သောက်သုံးရေများကို သန့်ရှင်းစွာ အသုံးပြုနိုင်ရန်အတွက် ရေအရည်အသွေး ကို စမ်းသပ်စစ်ဆေးရန် လိုအပ်လျက်ရှိပါသည်။

ကျေးရွာရှိ အိမ်ထောင်စု(၂၀) စုတို့သည်ယင်လုံအိမ်သာ သုံးစွဲပြီး ကျန်အိမ်ထောင်စုများသည် တောထိုင်စနစ်ကိုသာ အသုံးပြုလျက်ရှိပါသည်။ စာသင်ကျောင်းတွင် ယင်လုံအိမ်သာ စနစ်တကျ ဆောက်လုပ်ထားသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် တစ်ခါတစ်ရံအအေးလွန်ကဲခြင်းမှလွဲ၍ တခြားသဘာဝဘေးအန္တရာယ်များ ကျရောက်လေ့မရှိသဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။

ကျေးရွာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။ အမှိုက်ကျင်းအဖြစ် သီးသန့်ထားရှိခြင်းမရှိကြသောကြောင့် အမှိုက်များ စနစ်တကျ စွန့်ပစ်ရန်အတွက် နည်းလမ်းပြမှုများ၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်လျက် ရှိပါသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာ ဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာတိုင်းရင်းသားယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စဉ်လာများ ၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ပါ။

ကျေးရွာ၏လူဦးရေဆိုင်ရာ အချက်အလက်များအရ အမျိုးသမီးအရေအတွက်သည် အမျိုးသား လူဦးရေထက် များပြားကြောင်းတွေ့ရသည်။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီး သည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း အဆင့်၌ မအရေအတွက်မှာ ကျားအရေအတွက်ထက် များနေပါသည်။ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင် ဖြစ်သည်။ သို့သော်လည်း ကျေးရွာတွင် နေ့တွက် လုပ်အားခ ငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေး

အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမှာ အလွန်အားနည်းသည်။ ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေး လုပ်ငန်း	ရမှတ် ပေါင်း	ဦးစားပေး အဆင့်	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း	၃၀	၁	
၂	အသက်မွေး ဝမ်းကျောင်း	စိုက်ပျိုးရေးသင်တန်း	၂၅	၂	
၃	အခြေခံအဆောက်အဦ	မြေသားလမ်း	၁၅	၃	

၁၁။ အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် စီမံကိန်းကာလအား ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ရေးဆွဲ ထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားအား အောက်ပါဇယားနှင့် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေးအဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄
၁	ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း	၁	√		
၂	စိုက်ပျိုးရေးသင်တန်း	၂		√	
၃	မြေသားလမ်း	၃			√

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂	၂	၄		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၀	၇	၁၇		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၉	၁၈	၂၇		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၂	၁၅	၂၇		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၅၂	၄၆	၉၈	၁	
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁	၃	၄		
စုစုပေါင်း		၈၆	၉၁	၁၇၇	၁	
စုစုပေါင်း အိမ်ထောင်စု		၃၀				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။ အသက်အုပ်စု ၁နှစ် အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် အမျိုးသားဦးရေထက် အမျိုးသမီးဦးရေ ရာခိုင်နှုန်း ပိုများကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေး ရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၃၀	၅၄	၄	၂	၁		မြင့် ✔ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၃၀	၅၄	၄	၂	၁		☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ အိမ်ထောင်စုအားလုံး မိရိုးဖလာ တောင်ယာလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြောင်း တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၇၀၀၀	၇၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်္ဂလိပ်စာ၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက် **(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။။ ကျေးရွာရှိ အလုပ်သမားများ၏လုပ်ခလစာနှုန်းထားမှာ သင့်တင့်ကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၂၅	ကောင်း ☐	သင့်✔	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၅၀	ကောင်း ☐	သင့်✔	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၇၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ လယ်ယာမြေများသည် မြေဆီလွှာအသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ✔ နည်း ☐ မရှိ ☐	လွယ် ✔ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ✔ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ✔ နည်း ☐ မရှိ ☐	လွယ် ✔ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ✔ နည်း ☐ မရှိ ☐	လွယ် ✔ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ✔ မရှိ ☐	လွယ် ☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐	လျော့ ✔ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့်အနီးတဝိုက်တွင် ကျောက် အနည်းငယ်ရှိကြောင်း တွေ့ရှိ ရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၇	၁၄	၅	၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နေထိုင်သောအိမ်ထောင်စုများအနက် အလယ်အလတ်ရှိသော အိမ်ထောင်စု ရာခိုင်နှုန်း ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၂	၁	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၂ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၁	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
			ချေးယူ = ၁ လုပ်အားခကြိုယူ = _____
ဖြစ်မှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုမရှိသော အိမ်ထောင်စု အနည်းငယ်သာ ရှိကြောင်း တွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✔					
၂	လျှပ်တပြတ်ရေကြီးခြင်း	✔					
၃	မုန်တိုင်းဒီရေ	✔					
၄	ဆူနာမီ	✔					
၅	တိုင်ဖုန်းမုန်တိုင်း	✔					
၆	လေဆင်နာမောင်း	✔					
၇	ငလျင်		✔		✔		
၈	အပူလှိုင်း	✔					
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✔					
၁၀	အအေးလှိုင်း	✔					
၁၁	မိုးသီးကြွေကျမှု	✔					
၁၂	မိုးခေါင်ခြင်း	✔					
၁၃	တောမီးလောင်ခြင်း		✔			✔	
၁၄	မြစ်ကမ်းပါးပြိုခြင်း	✔					
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✔					
၁၆	မြေပြိုခြင်း		✔		✔		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✔					
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✔					
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✔					
၂၀	သစ်တောပြုန်းတီးခြင်း		✔			✔	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
၂၁	၄က်ဖျားရောဂါ		✔		✔		
၂၂	တီဘီရောဂါ		✔		✔		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ		✔		✔		
၂၄	ကပ်ရောဂါ	✔					
၂၅	ပြည်တွင်းပဋိပက္ခ	✔					
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		✔		✔		
၂၇	လူကုန်ကူးခြင်း	✔					
၂၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်းစသည်	✔					

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့် အိမ်ထောင်စု ၁၀၀တွင် ၂၅မှ ၅၀ အိမ်ထောင်စု - လတ် အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✔					
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု		✔		✔		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၃	ဆင်းရဲသားတောင်သူ		✔		✔		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ		✔		✔		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✔					
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✔					
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✔					
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✔					
၉	ငါးကန်ပိုင်ရှင်များ	✔					
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ		✔		✔		
၁၁	လူနည်းစုလူမျိုးများ		✔		✔		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✔					
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✔					
၁၄	ရွှေတွင်းလုပ်သားများ	✔					
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	✔					
၁၆	နေရပ်ပြန်အခြေချသူများ	✔					
၁၇	ရွှေ့ပြောင်းလုပ်သားများ	✔					
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✔					

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်သက်ရောက်မှုခံရနိုင်သည့် သူများ မရှိသလောက် နည်းပါးပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ယဉ်ကျေးမှုအဖွဲ့	၁□၂□၃✔	၅	၂	၇	ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✔ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✔ ညံ့□
၂	ရေပေးရေးအဖွဲ့	၁□၂□၃✔	၄	၃	၇	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✔ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✔ ညံ့□
၃	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့	၁□၂□၃✔	၅	၂	၇	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✔ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✔ ညံ့□
၄		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၅		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၆		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□	ကောင်း□ သင့်□ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့်ကာကွယ်ရေး□	
၇		၁□၂□၃□				ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ဌေစုဌေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိ လူထုအဖွဲ့အစည်းအနေဖြင့် (၃)ဖွဲ့သာ ရှိကြောင်း တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂ အဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ နိုင်ငံတော်မှဒေသ အကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန် အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန် ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စသည်) တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။။။ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့			မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၉	၁	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၈	၃	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၃		တောင်သူလတ်
၅	၁၂.၅ဧကအထက်	-		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၃၀	၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ တောင်သူငယ်၊ တောင်သူလတ်အနည်းငယ် နှင့် ဆင်းရဲသားတောင်သူ အများအပြားရှိကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ
ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□အပြောင်း□အလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□အပြောင်း□အလဲမရှိ□
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ဝင် ရေတွင်း		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာရွေးရန်)
၇	စိမ့်စမ်းရေ	၇၅	တစ်နှစ်ပတ်လုံး✔ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ✔ မရှိ□ မဖြေဆိုပါ□	လျော့✔ တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□အပြောင် ်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးရေအတွက် ရေအရင်းအမြစ်အနေဖြင့် စိမ့်စမ်းရေကိုသာ အဓိကအသုံးပြုကြောင်း တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၇၅	တင်း	၄၀	၆၀	၅၀	၆	၁၀	မြင့်✔လတ်□ နိမ့်□	မြင့်□လတ်✔ နိမ့်□	မြင့်□လတ်✔ နိမ့်□
ပြောင်း	၇၅	အိတ်	၂၀	၄၀	၃၀	၁၀	၃	မြင့်✔လတ်□ နိမ့်□	မြင့်□လတ်✔ နိမ့်□	မြင့်□လတ်✔ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကသီးနှံအနေဖြင့် စပါးနှင့်ပြောင်းကိုသာ အဓိကစိုက်ပျိုးကြပြီး အထွက်နှုန်းမှာ သင့်တင့်ပါကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်				၁၁
လက်တွန်းထွန်စက်	၇			
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက် (၇)စီးသာရှိပြီး ကျန်အိမ်ထောင်စုများမှာ ငှားရမ်းသုံးစွဲပါကြောင်း တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✔ မဖြေဆိုပါ□**
လယ်ယာမြေအသုံးချနိုင်မှု	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✔ မဖြေဆိုပါ□**
စိုက်ပျိုးရေးအရင်းအမြစ်	**ပေါများ□အသင့်အတင့်ရှိ✔ မဖြေဆိုပါ□**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည်□ရသည်□မဖြေဆိုပါ✔**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်✔ မဖြေဆိုပါ□**
